
မင်းမြတ်သူရ
နဝရတ်ကိုးသွယ်
THEIN
ZAW

# အခန်း(၁)

တစ်နေ့သ၌ မြစ်ဂင်္ဂါကျွန်းပေါ်အရပ်ရှိတံငါသည်များ ကျက်စားရာကွင်းကြီးအတွင်း တောင်လေနှင့်အတူ မိုးတဖွဲဖွဲရွာကျလာ၏။ တောင်လေနှင့်မိုးကြောင့် ကွင်းရေသည် လှိုင်းတံပိုးများ အသွင်းသို့ တဖြည်းဖြည်းကူးပြောင်းသွား၏။

ထိုအချိန်တွင် တံငါလှေအများစုမှာ မိုးလွတ်ရာတွင်နားခိုနေကြလေ၏။ ထိုသို့နားခိုရင်း တံငါသည်များမှာ ဆေးငုံသူကငုံ၊ ဘိဒီသောက်သူကသောက်ဖြင့် ဆင်းရဲကျပ်တည်းလှသော ဘဝတွင်တခဏမျှ ဘဝစည်းစိမ်းယူကြ၏။

တံငါသည်အများစုအနားယူနေစဉ် ဘဝအမောကို တံတု၍ လှုပ်ရှားသွားလာနေရသော တံငါးလှေကလေးတစ်စင်းရှိ၏။ ထိုတံငါလှေကလေးသည် မိုးဖွဲဖွဲကျနေသောကွင်းရေထဲတွင် တရိပ်ရိပ်ရွေ့လျားနေ၏ ။

တံငါလှေကို ဦးဆောင်လှော်သူမှာ အသက်လေးဆယ်ဝန်းကျင် တံငါသည်တစ်ဦးဖြစ်ပြီး ဆယ်ကျော်သက်အရွယ်လူငယ်တစ်ဦးမှာရင်းနှင့် အတူတူညီလှော်ခတ်ပေးနေလေ၏။

ဆယ်ကျော်သက်အရွယ်လူငယ်က လှေဦးတွင် လှော်ခတ်နေသော လူကြီးကိုကြည့်၍

“အဖေ မိုးရွာနေတယ်ခဏနားပါဦးလား”

ဟု ပြောလိုက်လေ၏။

ထိုအခါ တံငါသည်လူကြီးက လှည့်ကြည့်၍

"နားလို့ မဖြစ်ဘူးကွ မိုးရွာနေတာငါတို့အတွက် အခွင့်အရေးပဲ၊ ဒီအချိန်လေးပဲ ကွင်းထဲကို အင်စပက်တော်မလာမှာ ဒီသချင်းဆိုးကောင် မရှိတုန်းအလုပ်လုပ်ရမှာ"

ဟု ပြောရင်း အရှေ့မှနေ၍ လှေကို ကျုံး၍ လှော်ခတ်လေ၏။

ဤသို့ဖြင့် လှေကလေးသည် ဗေဒါပင်စုကလေးများရှိရာသို့ ရောက်ရှိသွားလေ၏။ တံငါသည်သည် ဗေဒါပင်စုကလေး၌ လှေကိုရပ်နားလိုက်ပြီး ပိုက်ချရန်ပြုလုပ်ထားသော မိုက်လမ်း အတိုင်း လှေကိုဝင်ရောက်ခဲ့လေ၏။

သူ၏ ပိုက်ခေါင်းကြိုးမှ ဖော့ကလေးမြုပ်ခီပေါ်ချီဖြစ်နေသဖြင့် တံငါသည်သည် စိတ်လှုပ်ရှား သွားပြီး၊ သားဖြစ်သူဘက်သို့လှည့်၍

"ဘုရားသိကြားမလို့ ပိုက်ထဲမှာ ငါးတွေများပါစေဗျာ၊ အဖေတို့အတွက်ဒီနေ့ဟာ ရတောင့်ရခဲအခွင့်အရေးကွ"

ဟု ပြောလိုက်၏။

တံငါသည်သည် စိတ်လှုပ်ရှားစွာဖြင့် ပိုက်ကို ဖော်လိုက်လေ၏။ ထို့နောက် ပိုက်ထဲမှ ထွက်ပေါ်လာသော ငါးများကိုကြည့်၍ အလွန်ဝမ်းသာသွားပြီး

"ငါကြင်းတွေ ငါးကြင်းတွေကွ နည်းတဲ့ကောင်းကြီးတွေမဟုတ်ဘူး"

ဟု ပြောလေရာ သားဖြစ်သူကဖခင်နှင့်အတူ ပိုက်ကိုကူညီ၍ ဖော်လိုက်ပြီး အားတက်သရောဖြင့်

"ဟုတ်တယ်အဖေမနည်းဘူး၊ ကျုပ်တို့ပင်ပန်းရကျိုးနပ်ပြီပေါ့"

ဟုပြောလိုက်လေ၏။

ဖခင်ဖြစ်သူ တံငါသည်သည် လှေထဲသို့ငါးများထည့်ရင်း

ပတ်ဝန်းကျင်ကို မျက်ခြည် မပြတ်စောင့်ကြည့်လေ၏။ ထို့နောက်သားဖြစ်သူအား

"မြန်မြန်လုပ်ငှါသား၊
ဟိုခွေးမသားအင်စပက်တော်ကောင်ရောက်လာရင် အဖေတို့ ပိုက်ကလေးတွေ
သိမ်းခံပြီး အမှုဖြစ်လိမ့်မယ်"

ဟု ပြောလေရာ သားဖြစ်သူသည် ပိုက်ထဲမှ ငါးများကို ကောင်၍ ပိုက်ကို
ဖော်လိုက်၏။ ဖခင်တံငါသည်သည် လှေဝမ်းထဲမှ ငါးများကိုကြည့်၍

"ငါးကြင်းကြီးတွေမနည်းပါလားကွ၊ ဒီလိုမှန်းသိရင်
ပိုက်နှစ်ထည်လောက် ဖော်လိုက်ပါ တယ်ကွာ၊ ဒေါ်ပြားကြီးဆီမှာ
ငါးပြန်ရောင်းမယ်ဆိုရင် ပိုက်ငှားလို့ ရတယ်ကွ"

ဟု ပြောလေ၏။

ဒေါ်ပြားကြီးသည် သူတို့ ရွာရှငွေကြေးအသင့်တင့်ပြေလည်သော
ငါးစိမ်းသည်မကြီးဖြစ်၏။

"ဒေါ်ပြားကြီးဆီက အဖေပိုက်ငှားလို့ရလည်း အဖေ့ရဲ့ငါးတွေကို
ဈေးအများကြီးနှိမ်ပြီး ဝယ်မှာသေချာတယ်"

ဟု နောက်ပြောင်လေရာ သားအဖနှစ်ယောက်စလုံး တဟားဟား
ရယ်မောလိုက်လေတော့၏။

ထို့နောက် သားအဖနှစ်ယောက်သည် ရေထဲမှ ပိုက်ကို ဖော်ပြီးသဖြင့်
လှေကိုလှော်ခတ်ပြီး ထွက်ခဲ့လေ၏။ တံငါသည်လူကြီးသည် အန္တရာယ်ကင်းစွာဖြင့်
ပိုက်ချနိုင်သဖြင့် စိတ်လက်ပေါ့ပါး နေလေ၏။

ယနေ့ပိုက်အတွင်းဝယ် ဖမ်းမိသော ငါးကြင်းကြီးများကို ငါးစိမ်းသည်
ဒေါ်ပြားကြီးဆီမှာ သွင်းရမည်။

ငွေပိုငွေလျှံကလေးများရလာလျှင် သားဖြစ်သူအတွက်

လုံချည်တစ်ထည်နှင့် သူ၏ မိန်းမ ရောဂါသာအတွက် ဆေးကလေးတစ်ဖုံဖော်ရမည်။

တံငါသည်၏ လှေကလေးသည် ရွာကမ်းဦးထိပ်တွင်ရှိသော တဲအိမ်ကလေးသို့ ထိုးဆိုက် လေ၏။

တဲအိမ်ကလေးသို့ရောက်လျှင် တံငါသည်လူကြီး၏ မယားဒေါ်တင်ရီသည် နွမ်းလှသော အမူအရာဖြင့် တဲဂသို့ထလာပြီး တံငါသည် သားအဖကို ကြည့်၍

“အမလေး...ကျွန်မက ရှင်တို့ပြန်မရောက်သေးလို့ စိုးရိမ်နေတာရှင့်၊ အင်စပက်တော်ရဲ့ လှေကွင်းထဲကို မလာပါစေနဲ့လို့ ဘုရားမှာ ဆုတောင်းနေရတယ်”

ဟု ပြောလေရာ တံငါသည်က တဲအိမ်ကလေး၌ ရေစက်လက်ဖြင့် ဝင်ထိုင်၍

“တစ်မနက်လုံး မိုးအေးနေတော့ ကိုရွှေအင်စပက်တော် ကွင်းထဲကို ဆင်းမလာတော့ဘူး၊ ငါတို့လို ကျောပွဲတံငါသည်တွေကတော့ မိုးရွာတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေပြီ”

ဟု ပြောလေ၏။ ထိုအခါ တံငါသည်၏ မယား ဒေါ်တင်ရီက သားဖြစ်သူဘက်လှည့်၍ သီတံတွင်ထိုးထားသော ငါးကြင်းများကို ကမ်းပေး၍

“ဒေါ်ပြားကြီးဆီမှာ သွားသွင်းလိုက်သား၊ ဒေါ်ပြားကြီးကို ပြောလိုက်၊ အရင်က အကြွေးတစ်ဝက်နှိမ်ပြီး ကျန်တဲ့ တစ်ဝက်ကို မနှိမ်ပါနဲ့ဦးလို့၊ ဆန်ဝယ်စရာရှိလို့ပါလို့၊ သေသေ ချာချာပြောနော်”

ဟု မှာကြားလေ၏။

တံငါသည်၏ သားသည် မိခင်ဖြစ်သူ၏ အမှာစကားကြောင့် သက်ပြင်းချလိုက်မိ၏။

ဒေါ်ပြားကြီးသည် ရပ်ဆိုးသလောက် အပြောအဆိုကြမ်းတမ်း၏။

ပိုက်ဆံနှင့်ပတ်သက်လျှင် မည်သည့်မျက်နှာကိုမျှ မထောက်ဘဲ ပြောဆိုတတ်၏။

ထို့ကြောင့်ပင် ဒေါ်ပြားကြီးနှင့် ပိုက်ဆံစကားပြောရန် စိုးရွံ့၏။ မည်သို့ပင်ဖြစ်စေ၊ မိခင်ခိုင်းစေချက်ကို မလွန်ဆန်ဝံ့သဖြင့် ဒေါ်ပြားကြီးထံသို့ ရင်လေးစွာ ထွက်ခဲ့၏။

ဒေါ်ပြားကြီး၏ အိမ်သို့ရောက်သောအခါ ပြောင်းဖူးဖက်ဆေးလိပ်ကိုဖွာ၍ ခြေချိတ်ထိုင် နေသော ဒေါ်ပြားကြီးကို တွေ့ရ၏။

ဒေါ်ပြားကြီးက တံငါသည်၏ သားကို မင်သောအခါ

"ဟဲ...ဝေဆာ၊ လက်ထဲမှာ ငါးကြင်းတွေနဲ့ပါလား၊ လာလာ...နင့်အဖေ ရင်မောင်ဆီမှာ ငွေါအကြွေးတွေများနေတာနဲ့ အတော်ပဲ အကုန်နှိမ်လိုက်မယ်"

ဟု ပြောဆိုလေရာ ဝေဆာဆိုသော လငယ်က စိတ်လှုပ်ရှားသွားပြီး မိခင်၏ စကားကို သတိရကာ

"အကုန်လုံးတော့ မနှိမ်ပါနဲ့ဦးဗျာ၊ တစ်ဝက်ပဲနှိမ်ပါ၊ ကျုပ်တို့မှာ ဆန်ဝယ်ဖို့ ပိုက်ဆံမရှိလို့ပါ"

ဟု တောင်းပန်လိုက်လေ၏။ လူငယ်၏ စကားကြောင့် ဒေါ်ပြားကြီးမျက်နှာမဲ့သွားပြီး

"ဟဲ့...နင်တို့ယူတဲ့ပိုက်ဆံက တတိတိနဲ့ အတော်များနေပြီဟဲ့၊ မနှိမ်လို့မရဘူး၊ ဒီငါးတွေ အကုန်နှိမ်ရင်တောင် အကြွေးမကျေသေးဘူး၊ မကျေနပ်ရင် နင့်အဖေရင်မောင်ကို လွှတ်လိုက်၊ တကတည်းတော်၊ ကြွေးယူတုန်းကယူပြီး ငါးသွင်းကာနီးတော့ လက်ခက်ချင်တယ် ဒါကြောင့် နင်တို့နဲ့ မဆက်ဆံချင်တာ"

ဟု အော်ကြီးဟစ်ကျယ် ပြောဆိုလေ၏။ ဝေဆာသည် ငါးစိမ်းသည်ပီပီ အပြောအဆို ရိုင်းစိုင်းလှသော ဒေါ်ပြားကြီးကို ကြည့်၍ အံကို ကြိတ်လိုက်ပြီး

"တစ်ရွာတည်းသားချင်းတွေပဲဗျာ၊ ဒီလောက်ရင့်သီးစရာ မလိုပါဘူး၊

အကုန်လုံးနှိမ်လိုက် လည်းရတယ်၊ကျုပ်တို့ ဆန်မဝယ်ဘဲ အငတ်ခံလိုက်မယ်”

ဟု ပြောဆိုလိုက်ရာ ဒေါ်ပြားကြီးသည် မျက်စောင်းထိုးလိုက်ပြီး

“အောင်မယ်…ရင်မောင့်သား အလာကြီးပါလား၊ ဟဲ့ကောင်လေး… တစ်ရွာတည်းသားချင်း မရင့်သီးဘဲ ရွှေပြည်အေး တရားဟောနေရင် ငါထမင်းငတ်သေတာကြာပြီဟဲ့၊ နင်တို့တွေက ရင့်သီးမှ တော်ကာကြမယ်”

ဟု ကြိမ်းမောင်းလိုက်လေ၏။ ဝေဆာသည် လောဘကြီးသည့် ငါးစိမ်းသည် ဒေါ်ပြားကြီးကို ခွန်းတုံ့မပြန်တော့ဘဲ အိမ်သို့သာပြန်လာခဲ့၏။

အိမ်သို့ရောက်သောအခါ မိခင်ဖြစ်သူက ဒေါ်ပြားကြီး၏ အပြုအမူကို ကြားရလျှင် ခေါင်းကို တဆတ်ဆတ်ညိတ်၍

“မပြားကြီးကတော့ ပိုက်ဆံနဲ့ပတ်သက်လာရင် တစ်ရွာတည်းသားတွေ ဘာတွေ နားလည်တာမဟုတ်ဘူး၊ အတော် အကျင့်ယုတ်တဲ့ မိန်းမကြီး တော်သေးတာပေ့ါ၊ အမေက သူ့အကျင့်ကိုသိလို့ ငါးမြင်ချင်းလေး နည်းနည်းချန်ထားခဲ့တယ်”

ဟု ပြောရင်း ယောက်ျားဖြစ်သူ ကိုရင်မောင်ဘက်သို့ လှည့်၍

“ကဲ…တော်ပဲ ဦးပွကြီးဆီသွားလိုက်၊ ငါးမြစ်ချင်းလေးရောင်းရင်တော့ ဆန်ဖိုး၊ ဆီဖိုး နည်းနည်းရမယ်”

ဟု ပြောလေ၏။ ကိုရင်မောင်သည် သီတံတွင် ထိုးသိထားသော ငါးမြစ်ချင်းများကို ကြည့်လိုက်ပြီး တောက်ခေါက်ကာ

“တောက်…မပြားကြီးလုပ်တာနဲ့ ငါ့သားကို ပုဆိုးအသစ်ကလေး ဝယ်ပေးဖို့ လုပ်တာ ပျက်သွားပြီ”

“မင်းအတွက် ဆေးတစ်ဖုံဖော်ဖို့တောင် လောက်ပါ့မလားမသိဘူး”

ဟု မကျေမချမ်း ရရွတ်လေ၏။ ထိုအခါ ဝေဆာက ခေါင်းယမ်း၍

"ကျုပ်အတွက် လုံချည်မလိုပါဘူး၊ အဖေရယ်၊ အမေ့အတွက် ဆေးတစ်ဖုံသာ ရအောင်ကြိုးစားလိုက်ပါ"

ဟု ပြောလေ၏ ။ တံငါသည် ကိုရင်မောင်သည် သားဖြစ်သူ စကားမတုံ့ပြန်တော့ဘဲ ငါးမြစ်ချင်းများကိုသာယူ၍ တဲ အိမ်ပေါ်မှ ဆင်းခဲ့လေ၏ ။

မိခင် ဒေါ်တင်ရီက တံငါသည်၏ နောက်ကျောကို ကြည့်၍ စိတ်မချဟန်ဖြင့်

"ကိုခေါင်းကြီးဆိုင် ဝင်မနေ့ဦးနော်၊ ရှင်တို့က အပေါင်းအသင်းစုံရင် စိတ်ချရတာ မဟုတ်ဘူး"

ဟု ပြောလိုက်၍ ကိုရင်မောင်သည် ဒေါ်တင်ရီ၏ စကားကို မကြားဟန်ပြုကာ ထွက်ခွာသွား လေ၏ ။

မယားဖြစ်သူသည် မိမိထက် အသက်ဆယ်နှစ်ကျော်ကြီးသဖြင့် အရာရာ ဆရာလုပ်ချင် သည်ဟု ကိုရင်မောင်ထင်မြင်၏ ။

သူတို့ တံငါသည် အပေါင်းအသင်းများစုံလျှင် ကိုခေါင်းကြီးဆိုင်၌ မီးတောက်အရက်ကလေး တစ်ခွက်တစ်ဖလားတော့ သောက်လိုက်ချင်သေး၏ ။

ကိုခေါင်းကြီးသည် သူတို့လို လက်မခက်တတ်သော တံငါသည်များကို အရက်အကြွေး ရောင်းဖို့ ဝန်မလေးချေ။ နောက်ပြီးတော့ ကိုခေါင်းကြီးအား မီးတောက်အရက်အတွက် ပိုက်ဆံပေးစရာမလို။

သူတို့ဖမ်းလို့ရသော ငါးကလေးလနည်းနည်းပါးပါး ပေးလိုက်လျှင် ပြီး၏ ။ ထို့ကြောင့်ပင် ကိုခေါင်းကြီး၏ ဆိုင်၌ သူတို့လို နင်းပြား တံငါသည်လေးများ စုရုံးနိုင်သည်မဟုတ်ပါလား။

***

မနှစ်က စီးပွားရေးမကောင်း၍ ဝမ်းစာစပါး မလှောင်နိုင်သောကြောင့် သူတို့ သည်နှစ် အလွန်ဒုက္ခရောက်၏။ မနှစ်က မိမိတို့ပိုင်သည့် ပိုက်စုတ်ကလေးနှစ်ထည်ကို အင်စပက်တော်က သိမ်း၍ သက်သေခံအဖြစ် ရုံးတင်ခဲ့၏။

ထို့ကြောင့် ပိုက်ဆုံးရှုံးခံရသည်သာမက ဒဏ်ငွေကိုပါအရိုက်ခံရသဖြင့် အကြွေးတင်ခဲ့ရ၏။ ယခုနှစ်လည်း သူတို့အတွက် လုပ်စားစရာကွင်းမရှိ၊

မိမိတို့မျက်စိရှေ့တွင် ရေဖွေးဖွေးရှိနေသော ကွင်းပြင်ကျယ်ကြီးကို မြင်တွေ့ရသော်လည်း ငါးဖမ်းခွင့်မရှိ၊ တံငါသည် ငါးဖမ်းခွင့်မရှိလျှင် မည်သည့်အလုပ်ကို လုပ်ကိုင်စားသောက်ရမည်နည်း။

ထို့သို့ တံငါသည်မိသားစုအတွက် စီးပွားရေးကျပ်တည်းလှသည့်အချိန်မှ ဒေါ်တင်ရီ၏ ရောဂါမှာ ပိုမိုသည်လာ၏။

တစ်ဖက်ရွာရှိ ဆေးဆရာကြီးဦးလောဘမှာ ငွေအလွန်မက်သူဖြစ်သဖြင့် ပိုက်ဆံအကျေမရ ဘဲ ဆေးမဖော်ချေ။ ဦးလောဘသည် ငွေသာရလို့ကတော့ ငရဲမင်းကြီးကိုပင် ဆေးလိုက်ကု မည့်သူဟု နာမည်သတင်းကြီး၏။

တံငါသည် ကိုရင်မောင်သည် အမောဖောက်နေသော ဇနီးဖြစ်သူကို ကြည့်၍ မည်သူ့ကို အပြစ်တင်ရမှန်းမသိသဖြင့် ကံကြမ္မာကိုသာ အပြစ်ပုံချနေမိ၏။

ယခုရက်ပိုင်းအတွင်း ကွင်းထဲတွင် ငါးခိုးဖမ်းသူများ ပေါများလှသဖြင့် အင်စပက်တော်၏ လောင်းလှေသည် နေ့စဉ် ကွင်းထဲတွင် လှည့်လည်သွားလာနေ၏ ။

အင်စပက်တော်၏ လောင်းလှေရှိလျှက် မည်သည့်တံငါသည်သူရဲကောင်းက ကွင်းထဲဆင်း၍ ငါးဖမ်းဝံ့မည်နည်း။ ဝေဆာသည် အမောဖောက်နေသော မိခင်၏ နိမ့်တုံမြင့်တုံ ရင်ဘတ်ကို ကြည့်ပြီး အံကိုကြိတ်ကာ

“အဖေ…ကျုပ်တို့ ဒီလိုပဲ အမေ့ကို ကြွေ့နေကြမှာလား၊ အမေ့အတွက် ကျုပ်တို့ ဘာမှမလုပ် ဘူးလား”

ဟု မေးမြန်းလိုက်လေ၏။ ကိုရင်မောင်သည် သားဖြစ်သူ၏ မေးခွန်းကြောင့် လက်သီးဆုပ်၍ လှမ်းကြည့်၍ စိုးရိမ်သောကကြီးလာပြီးလျှင်

“လွတ်လပ်ရေပြီး တံငါသည်တွေ ကြီးပွားတာကနောက် လောလောဆယ် ဆေးတစ်ဖုံ လောက်မှ မဖော်နိုင်ရင် အမေဒုက္ခရောက်လိမ့်မယ်”

ဟု ပြောလေ၏။ ဝေဆာ၏ စကားကြောင့် ကိုရင်မောင်သည် ဇနီးဖြစ်သူ၏ အနီးသို့ တိုးကပ်ပြီး မချိတင်ကဲဟန်ဖြင့် ကြည့်ကာ

“မတင်လှ…နေသာရဲ့လားဟင်၊ ကျုပ် ဆေးဆရာကြီး ဦးလောဘဆီမှာ ဆေးတစ်ဖုံ လောက် ဖော်ပေးမယ်၊ ခဏစောင့်နော်”

ဟု ပြောလေ၏။ ထိုအခါ ဒေါ်တင်ရီသည် အမောဖောက်နေရာမှ ယောကျ်ားဖြစ်သူ၏ မျက်နှာကို မယုံကြည်နိုင်ဟန်ဖြင့် ကြည့်၍

“ဘယ်ကပိုက်ဆံနဲ့ဖော်မှာလဲ ကိုရင်မောင်ရယ်…ကျုပ်ရာဂါက ဦးလောဘရဲ့ ဆေးတစ်ဖုံ လောက် သောက်ရရင် သက်သာမှာပါ”

ဟု နွမ်းချိသောလေသံဖြင့် ပြောလေ၏။ ကိုရင်မောင်သည် မယား၏ စကားကြောင့် ရင်ထဲတွင် နာကျင်သွားပြီ။

“ပိုက်ဆံရအောင်ရှာပြီး ဆေးဖော်မှာပေ့ါမတင်လှရယ်၊ ဒီနေ့အင်စပက်တော် လာမယ်မထင် ပါဘူး၊ အရင်နေ့တွေတုန်းက ဒီကောင်ကြီး နေ့စဉ် အင်းထဲကိုလာနေတာပဲ၊ ဒီနေ့ မလာတော့ပါဘူး၊ ကျုပ်တို့အဆင်ပြေမှာပါ”

ဟု ပြောလေ၏။ ဝေဆာကလည်း ဝင်ရောက်၍

“ဟုတ်တယ်အမေ၊ သားတို့ စောစောလေး ပိုက်သွားချလိုက်မယ်၊ ညနေဆိုရင် ပိုက်သွားဖော်ပြီး ငါးတွေအများကြီးရမှာပါ”

ဟု ပြောလေ၏။ အမောဖောက်နေသော ဒေါ်တင်ရီကမူ ပိုက်ချရန် အားတက်သရော မရှိလှဘဲ လေသံယဲ့ယဲ့ဖြင့်

"ပိုက်သွားချဖို့ အန္တရာယ်များလွန်းပါတယ် တော်ကြာအင်စပက်တော်ရဲ့ လောင်းလှေနဲ့ ထိပ်တိုက်တွေ့ရင် ပိုက်သိမ်းပြီး ဒုက္ခရောက်ကုန်ဦးမယ်"

ဟု ပြောလေ၏။ သူမ၏ စကားကြောင့် ကိုရင်မောင်နှင့် ဝေဆာသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ သားအဖနှစ်ယောက်စလုံး အင်းထဲသို့ဆင်းလျှင် အန္တရာယ်များ မည်ကို သိ၏။

သို့သော် အမောဖောက်ပြီး အသက်ကို ခဲရာခဲဆစ် ရှူနေသူ တစ်ဦးကို သူတို့ မည်သည့် သတ္တိဖြင့် ကြည့်နေရပါမည်နည်း။ သူတို့ နှစ်ယောက်အတွက် လုပ်စရာတစ်လမ်းသာ ရှိ၏။

ထိုလမ်းမှာ အရဲစွန့်ပြီး အင်းထဲသို့ ဆင်းရန်ဖြစ်၏။ အင်းထဲ၌ ပိုက်ချပြီး ဒေါ်တင်ရီအတွက် ဆေးတစ်ဖုံဖော်နိုင်မည် ဖြစ်၏။ သားအဖနှစ်ယောက်သည် ပိုက်စုတ်ကလေးကိုပိုက်၍ တဲအိမ်ပေါ်မှ ဆင်းခဲ့၏။

ထို့နောက် လှေစုတ်ကလေးကို တရွေ့ရွေ့လှော်ခတ်ပြီး ကွင်းထဲသို့ ဆင်းခဲ့လေ၏။ သူတို့သည် လှေကို လှော်ခတ်ခဲ့သော်လည်း မျက်စိက အင်းပတ်ဝန်းကျင်ကို မပြတ်တန်း ကြည့်ရှု နေကြ၏။

သူတို့အတွက် အင်စပက်တော်၏ လှေကိုသာမက ဘဝတူချင်း လက်ထောက်ချလိုသော သစ္စာဖောက်တံငါသည်များကိုလည်းကြောက်ရသေး၏။

ယနေ့နံနက်တွင်လည်း ကံကောင်းထောက်မစွာဖြင့် မိုးဖွဲဖွဲရွာသွန်းနေ၏။ ကိုရင်မောင်က လှေကိုလှော်ခတ်ရင်း ကောင်းကင်သို့မော့ကြည့်၍

"ကောင်းကင်ကိုကြည့်ရတာ တစ်နေကုန် မိုးမပြတ်ဘဲ ရွာမဲ့ပုံပဲ၊ ဒါဆိုရင်တော့ ကံကြမ္မာက ငါတို့ဘက်မှ ရှိနေပြီကွ၊ ခွေးမသား…အင်စပက်တော်

မိုက်းအေးအေးမှာ ကွေးနေပါစေကွာ”

ဟု ပြောလေ၏။

ထို့နောက်တွင် မူ ကိုရင်မောင်တို့သည် ဒိုက်ပင်များရှိရာနေရာတွင် လှေကိုရပ်လေ၏။ ပြီးနောက် ဒိုက်ပင်အချို့ကို ခုတ်ထွင်ရှင်းလင်း၍ ပိုက်ချရန် ပိုက်လမ်းတစ်ခု ပြုလုပ်လေ၏။

ထိုသို့ ပိုက်လမ်းပြုလုပ်ပြီးနောက် သာအဖနှစ်ယောက်သည် ပိုက်စုတ်ကလေးကို ချလေ၏။

ပိုက်စုတ်ကလေး၌ ဖော့များတပ်ထားသောကြောင့် ပိုက်တစ်ခုလုံး ရေအောက်သို့ နစ်မြုပ်သွားခြင်းမရှိချေ။ ပိုက်၏ အောက်ပိုင်းသာ ရေထဲသို့ မြုပ်ပြီး အပေါ်ပိုင်းမှာ ရေပေါ်တွင် ပေါ်နေ၏။

ထိုသို့သော် အနေအထားနှင့် ပိုက်ချထားသောကြောင့် ရေထဲရှိငါးများသည် ပိုက်တွင်းသို့ ဝင်ရောက်တိုးဝင်လေတော့၏။

သားအဖနှစ်ယောက်သည် ပိုက်ချပြီးသောအခါ လှေစုတ်ကလေးကို အမြန်လှော်ခတ်၍ ရွာသို့ ပြန်လာခဲ့လေတော့၏။ သူတို့ သားအဖ၏ တဲအိမ်စုတ်ကလေးသို့ရောက်လျှင် ဒေါ်တင်ရီမှာ ဖျာဘစုတ်ကလေးပေါ်၌ မှိန်း၍ နေလေ၏။

သူမ၏ ဝေဒနာ သက်သာလျော့ပါးသေးဟန် မရှိချေ။ သူတို့သားအဖနှစ်ယောက်က အန္တရာယ်ကင်းစွာ ပိုက်ချထားပြီးပြီဖြစ်ကြောင်း ညနေခင်း ပိုက်သွားဖော်ပြီး ဆေးတစ်ဖုံဖော်နိုင်မည် ဖြစ်ကြောင်းအား တက်သရော ပြောလေ၏။

ဒေါ်တင်ရီမှာမူ အမောဖောက်နေသောကြောင့် လင်နှင့်သားကို စကားမပြောနိုင်ဘဲ အသက်ကိုသာ အမောတကော ရှူနေလေ၏။

သားအဖနှစ်ယောက်သည် ဆန်အိုးထဲရှိ ဖင်ကပ်နေသော ဆန်တစ်ဆုပ်ကို ခပ်၍ ဒေါ်တင်ရီအတွက် ဆန်ပြုတ်ပြုတ်ရန် ပြင်၏ ။

ဆန်ပြုတ်ထဲသို့ မည်သည့် အဆာပလာမှ မခပ်နိုင်ဘဲ ဆားအနည်းငယ်ကိုသာ ခပ်နိုင်၏ ။ ဆန်ပြုတ်ပြုတ်ရင်း သားအဖ နှစ်ယောက်စလုံး ဗိုက်ထဲတွင် ဆာလောင်လာ၏ ။

သူတို့နှစ်ယောက်စလုံး မနက်စာ မစားရသေးချေ။ ဒေါ်တင်ရီအတွက် တစ်ခွက်တည်းသာ ရှိသောဆန်ပြုတ်ကို ကျွေးရန်ပြင်သောအခါ အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ် ပန်းကန်ကို ကျွေးရန်ပြင်သောအခါ အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ပန်းကန်ကို ကြည့်ရင်း ဒေါ်တင်ရီက

“ရှင်တို့သားအဖနှစ်ယောက်လည်း မစားရသေးဘူး၊ မဟုတ်လား”

ဟု မချိတင်ကဲ အမူအရာနှင့်မေး၏ ။

ဆန်အိုးထဲတွင် ဆန်မရှိကြောင်း ဒေါ်တင်ရီ အသိဆုံးပင် ဖြစ်၏ ။ ကိုရင်မောင်က ခေါင်းခါယမ်း၍

“ကျုပ်တို့ အတွက် အရေးမကြီးပါဘူး မတင်လှရယ်...ဗိုက်ချသွားရင် ရွာလယ်က အကြော်ဆိုင်မှာ အကြွေးဝင်စားခဲ့တယ်”

ဟု မုသားပြောလိုက်လေ၏ ။

ဝေဆာကလည်း ဖခင်၏ စကားကို ဝင်ရောက်ထောက်ခံလေ၏ ။ သူတို့သားအဖ နှစ်ယောက်စလုံး လိမ်ညာနေကြောင်း

ဒေါ်တင်ရီသည် ဆန်ပြုတ်ကို ဆက်၍ မသောက်ရက်တော့ဘဲ ရပ်တန့်လိုက်လေ၏ ။ ခဏကြာလျှင် သားအဖနှစ်ယောက်သည်ညနေမစောင်းမီ ပိုက်ဖော်ရန် ထွက်ခဲ့လေ၏ ။

ပိုက်ဖော်ပြီး ငါးရောင်းလို့ရမှ သားအဖနှစ်ယောက်အတွက် မနက်စာနှင့်

ညစာကို ပေါင်း၍ စားရပေတော့မည်။ တံငါသည် သားအဖသည် လှေစုတ်ကလေးကို ရင်တထိတ်ထိတ်နှင့် လှော်ပြီး ကွင်းထဲသို့ ထွက်ခဲ့၏။

တံငါသည်များသည် မနက်ပိုင်းပိုက်ချပြီး ညနေပိုင်းပိုက်ဖော်တတ်သဖြင့် အင်စပက်တော် လူယုတ်မာသည် ထိုအချိန်ကိုစောင့်၍ ဖမ်းဆီးတတ်၏။

ဤရက်ပိုင်းအတွင်း အင်စပက်တာသည် ကွင်းထဲသို့ဆင်းတတ်သဖြင့် ဘဂတူတံငါသည် များ ပိုက်မချဝံ့ဘဲရှိကြ၏။ တံငါသည်သားအဖသည် ဒိုက်ပင်များရှိရာသို့ ရောက်သောအခါ ပိုက်လမ်းအတိုင်း ဝင်ရောက်ခဲ့၏။

ထိုအခါ သူတို့ချထားသောပိုက်မှ ဖော့ကလေးကိုကြည့်၍ သားအဖနှစ်ယောက်စလုံး ဂမ်းသာသွားကြ၏။ ပိုက်တွင် တပ်ဆင်ထားသော ဖော့ကလေးသည် ရေထဲသို့ မြုပ်ချီပေါ်ချီ ဖြစ်နေ၍ ငါးများမိနေပြီ ဖြစ်ကြောင်း ရိပ်စားမိကြ၏။

ကိုရင်မောင်က ပိုက်အနီးသို့ တိုးကပ်သွားပြီး

“ဘုရားသိကြားမလို့ ငါးကြီးတွေ များများရပါစေဗျာ”

ဟု ဆုတောင်းလိုက်လေ၏။ ဝဆာသည် ဖခင်ဖြစ်သူကို ကူညီ၍ ပိုက်ကိုဖော်ရန် ကြိုးစားလေ၏။ ဝဆာသည် ပိုက်ထဲရှိ ငါးများကို စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်၍ သက်ပြင်းချလိုက်ပြီး

“ငါးမြေမတွေအဖေ၊ ငါးကြင်းတွေ မပါဘူး၊ ငါးကြင်းတွေ၊ ငါးရံ့တွေပါရင် သိပ်ကောင်းမယ်”

ဟု ပြောလိုက်လေ၏။ ကိုရင်မောင်က ပိုက်ထဲက ငါးများကိုကြည့်၍ ခေါင်းညိတ်လိုက်ပြီး

“ငါတို့ကွင်းက ငါးအတိုးနည်းတယ်ကွ၊ ဘာပဲဖြစ်ဖြစ် မင်းအမေ အတွက်တော့ ဆေးတစ်ဖုံလောက် ဖော်နိုင်ပါတယ်ကွ”

ဟု ပြောရင်း ငါးမြေမများကို ပိုက်ထဲမှ ဖြုတ်လေ၏။ ဝေဆာကလည်း ဖခင်နှင့်အတူ ငါးပြေမများကို ဖြုတ်လေ၏။ ကိုရင်မောင်က ဝေဆာဘက်သို့လှည့်၍

"ဆူးတောင်တွေကို သတိထားနော် သား၊ ငါးပြေမက ဆူးတောင်နဲ့လည်း တွတ်တတ်တယ်၊ ပါးဟပ်နဲ့ငြိရင်လည်း သွေးသံရဲရဲ ဖြစ်တတ်သည်။"

ဟု သတိပေးလေ၏။ ဝေဆာသည် ဖခင်၏ စကားကြောင့် ငါးပြေမများကို သတိထား၍ ပိုက်ထံမှဖြုတ်နေလေ၏။

ထိုအခိုက်မှာပင် ၎င်းတို့၏ အနောက်မှ

"ငါးသူခိုးတွေ...မပြေးနဲ့"

ဟူသော အသံကိုကြားရသဖြင့် သားအဖနှစ်ယောက်စလုံးအထိတ်တလန့်ဖြင့် အနောက်သို့ လှည့်ကြည့်လေ၏။

ထိုအခါ အင်စပက်တော်၏ လောင်းလှေကို တွေ့ရသဖြင့် သားအဖနှစ်ယောက်စလုံး အထိတ်တလန့်ဖြင့်

"အင်စပက်တော်လာပြီ"

ဟု အော်ပစ်လိုက်လေ၏။ ဝေဆာက ဖခင်လက်ထဲမှ ပိုက်ကိုယူ၍

"ပြေးကြမယ် အဖေ"

ဟု ဆိုကာ လှော်တက်ကို ကောက်ကိုင်၍ လှော်ခတ်ရန် ကြိုးစား၏ ကိုရင်မောင်မှာ ထိတ်လန့်လွန်းသောကြောင့် အင်စပက်တော်၏ လောင်းလှေကို ပါးစပ်အဟောင်းသား ကြည့်နေလေ၏။

ဝေဆာက ကြောင်အမ်းအမ်းဖြစ်နေသော ကိုရင်မောင်ကို ကြည့်၍ အားမလို အားမရဟန်ဖြင့်

"အဖေ ဘာလုပ်နေတာလဲ၊ လှော်တက်ကို ယူပြီး လှော်လေ"

ဟု အော်ဟစ်လေ၏။ အင်စပက်တော်က လောင်းလှေပေါ်မှ နေ၍ သေနတ်နှင့်ချိန်ပြီး

"ဟေ့ကောင်တွေ...မပြေးနဲ့နော်...ပစ်လိုက်မယ်"

ဟု သတိပေးလေ၏။ ဝေဆာသည် အင်စပက်တော်၏ စကားကို မကြားဟန်ဖြင့် လှော်ခတ်ရန်ကြိုးစား၏။

ကိုရင်မောင်ကမူ အတွေ့အကြုံများသူဖြစ်သဖြင့် ထွက်ပြေးရန်မကြိုးစားတော့ချေ၊ အင်စပက်တော်၏ ၃ယောက်လှော် လောင်းလှေက လွတ်အောင်ပြေးလွှားရန် မဖြစ်နိုင်ချေ။

ထို့ပြင် အင်စပက်တော်၏ လက်မှသေနတ်ကိုလည်း ကြောက်ရသေး၏။ အစိုးရပိုင် အင်းထဲတွင် ငါးခိုးဖမ်းသူများကို သေနတ်နှင့် ပစ်ခတ် ဖမ်းဆီးရန် အခွင့်အာဏာသည် အင်စပက် တော်၌ အပြည့်အဝရှိ၏။

ဝေဆာသည် ဖခင်၏ အမူအရာကိုကြည့်၍ သူတို့ ပြေးမလွတ်နိုင်တော့ကြောင်း ရိပ်စားမိသွား၏။ ထို့ကြောင့်အံကို ကြိတ်၍ မချိတင်ကဲ အမူအရာဖြင့်

"အမေ့အတွက် ဆေးတစ်ဖုံတော့ သွားပါပြီဗျာ"

ဟု ရေရွတ်လိုက်ရာ ကိုရင်မောင်သည် ထိတ်လန့်နေသည့်ကြားမှ ရင်နင့်ကြေကွဲသွား လေ၏။

ဝေဆာသည် မိခင်အတွက် ဆေးမဖော်နိုင်တော့သဖြင့် အလွန် စိတ်ထိခိုက်သွားပြီး အင်စပက်တော်လောင်းလှေပေါ်မှ လူများကို ဒေါသတကြီး ကြည့်၍

"ခင်ဗျားတို့ လုပ်ရက်တယ်ဗျာ၊ ဒီကွင်းမှာ ငါးဖမ်းခွင့်မရရင် ကျုပ်တို့ ဆင်းရဲသား တံငါသည်တွေ ဘယ်မှာသွားပြီး ငါးဖမ်းရမှာလဲ ကျုပ်တို့ တံငါသည်တွေ

ငါးမဖမ်းရရင် ငတ်သေကြရုံပဲရှိတော့တာပေါ့ အခုလည်း ကျုပ်တို့ ငတ်လွန်းလို့ ငါးခိုးဖမ်းတာမဟုတ်ဘူး၊ ကျုပ်အမေအတွက် ဆေးဖော်ဖို့ ပိုက်ဆံလိုလွန်းလို့ ငါးထါက်ဖမ်းတာ၊ ခင်ဗျားတို့မတရားဘူး၊ ဟော့ဒီရေပြင်ကြီးကို တစ်နှစ်မှာ ဖလလောက် အစိုးရက ပိုင်တယ်၊ ကျန်တဲ့ ဖလကို ပိုက်ဆံတတ် နိုင်တဲ့ အင်းသားကြီးတွေကပိုင်ဆိုင်တယ်၊ ကျုပ်တို့ နင်းပြားတွေ ဘယ်အချိန်မှာ သွားလုပ်စား ရမှာလဲ”

ဟု အော်ဟစ်ပြောဆိုလိုက်၏။

ထိုအခါ အင်စပက်တော်သည် ရင်နင့်ကြေကွဲဟန်ဖြင့် ပြောဆိုနေသော ဝေဆာကိုကြည့်၍ အံ့ဩသွားပြီး

“ဒီကောင်လေးကအလာကြီးပါလား၊ မင်းတို့တံငါသည်တွေကို တစ်နှစ်မှာ ဖလ လုပ်စားခွင့်ပေးထားသားပဲ၊ အဲဒီ အချိန်မှာ လုပ်စားကြပါလား၊ ဘာဖြစ်လို့အစိုးရပိုင်တဲ့အချိန်မှာ အင်းထဲကို ငါးဝင်ဖမ်းသလဲ ဥပဒေကိုဖောက်ဖျက်လို့မရဘူး”

ဟု ပြောလေ၏။ အင်စပက်တော်၏ စကားကြောင့်ဝေဆာ တဟားဟား ရယ်မော၍

“ဟား…ဟား…ဟား…ဥပဒေဟုတ်လား၊ ဒီဥပဒေက ဘယ်လောက်များ တရားမျှတမှု ရှိလို့လဲ၊ ကျုပ်တို့လို ဆင်းရဲသားတံငါသည်တွေကို ဒုက္ခရောက်သထက်ရောက်အောင် နယ်ချဲ့ အစိုးရက ထုတ်ပြန်ထားတဲ့ ဥပဒေကို ကျုပ်တို့မလိုက်နာနိုင်ဘူး”

ဟု ပြောလေ၏။ ဝေဆာ၏ စကားကြောင့် အင်စပက်တော်နှင့် နောက်လိုက်များသည် ရှူးရှူးရှဲရှဲ ဖြစ်သွားကြ၏။ အင်စပက်တော်က ဝေဆာကို သေနတ်ဖြင့်ချိန်၍

“ဟေ့ကောင်လေး…မင်းက ဘာကောင်လဲ၊ မျက်နှာဖြူ သခင်ကြီးတွေကို

ဆန့်ကျင်တဲ့ စကားပြောတာ သူပုန်ထချင်လို့လား”

ဟု အော်ဟစ်ကြိမ်းမောင်းလိုက်ရာ ကိုရင်မောင်က သားဖြစ်သူဘက်သို့ လှည့်၍ လက်ကာပြလိုက်လေ၏ ။

သို့သော် ဝေဆာမှာ မိခင်အတွက် ရတက်ပွေပြီး စိတ်ဓာတ်ပေါက်ကွဲနေသဖြင့်

“ဒီမှာ ကျုပ်တို့က ဘာကိုမှမကြောက်တော့ဘူး၊ သေမထူးနေမထူးတွေဗျ၊ နယ်ချဲ့အစိုးရရဲ့ မတရားဖိနှိပ်ချုပ်ချယ်မှုကြောင့် ကျုပ်တို့ ဆင်းရဲတွင်းနက်ရတာ ”

ဟု အော်ဟစ်ပြောဆိုလိုက်လေ၏ ။။ ဝေဆာ၏ စကားကြောင့် အင်စပက်တော်သည် မခံချိမခံသာဖြစ်သွားပြီး

“တောက်…တံငါသည်ပါးစပ်က နတ်စကားထွက်နေတယ်၊ ဒီကောင် ပြောလေကဲလေ ပါလား၊ အင်းထဲမှာ ငါးခိုးဖမ်းတဲ့အမှုသာမကဘူး၊ အစိုးရကို ဆန့်ကျင်မှုနဲ့ထောင်ထဲရောက်သွား မယ်၊ ဟေ့ကောင်တွေ ဒီကောင်တွေရဲ့ ပိုက်တွေရော ငါးတွေကိုသိမ်း”

ဟု အမိန့်ပေးလိုက်လေ၏ ။

ထိုအခါ အင်စပက်တော်၏ နေညက်လိုက်များသည် တံငါသည် သားအဖ၏ ပိုက်ကိုသာမက ငါးများကိုပါ သိမ်းလေတော့၏ ။ တံငါသည်သားအဖသည် အင်စပက်တော်၏ အပြုအမူကို မီးထွက်လုမတတ်ဖြစ်နသော မျက်လုံးများနှင့် စူးစိုက်ကြည့်နေကြ၏ ။

သူတို့သားအဖ၏ မျှော်လင့်ချက်အိပ်မက်များ ပျက်ပြယ်ရလေပြီ။ ဝေဆာသည် အမောဖောက်နေသော မိခင်အတွက် ဆေးတစ်ဖုံဖော်မည့် အရေးကို တွေး၍ ရင်နင့်ကြေကွဲနေမိ ၏ ။

အင်စပက်တော်နှင့်နောက်လိုက်များသည် တံငါသည်သားအဖကို

ရွာဆီသို့ ဦးတည်ခေါ်သွား၏။ ကိုရင်မောင်သည် ပိုက်သိမ်း၊ ငါးသိမ်းပြီး တရားစွဲခံရမည့်အရေးကို တွေး၍ ထိတ်လန့်တုန်လှုပ်နေမိ၏။

သူတို့သားအဖနှစ်ယောက်အတွက် လောလောဆယ် သူကြီး၏ အာမခံချက်လိုအပ်၏။ ထိုအရေးကိုတွေး၍ ကိုရင်မောင်သည် ရင်ထိတ်သွားရပြန်၏ ။

အဘယ်ကြောင့်ဆိုသော် သူကြီး ဦးသူတော်သည် ရွာထဲရှိ ဆင်းရဲသားနင်းပြားများအပေါ် မတော်မတရားလုပ်လွန်းသဖြင့် မိမိနှင့် မကြာခဏ အတိုက်အခံဖြစ်ဖူး၏။

သူကြီးဦးသူတော်က ကိုရင်မောင်အား ရွာသားများကို မြှောက်ပင့်ပေးသူဟု ယူဆထား၏။ ယခု မိမိတို့သားအဖကို အာမခံပေးလျှင် အခက်တွေ့ပေတော့မည်။

ရွာသို့ရောက်သောအခါ အင်စပက်တော်က တံငါသည်သားအဖအား သူကြီးအိမ်သို့ ခေါ်ဆောင်သွားလေ၏။ သူကြီးအိမ်သို့ ရောက်လျှင် သူတို့နှစ်ယောက်အား လိပ်စာများ တိတိကျကျ ရေးမှတ်ပြီးနောက်အင်စပက်တော်က

"မင်းတို့ကို ရုံးတင်တရားစွဲပြီး တရားဆိုင်ရမဲ့နေ့မှာ ထွက်မပြေးပါဘူးဆိုတဲ့ အာမခံချက်ကို သူကြီးမင်းဆီမှာတောင်းပါ၊ သူကြီးက အာမခံရင်တော့ မင်းတို့ကို မဖမ်းဘဲထားခဲ့မယ်"

ဟု ပြောလိုက်ရာ ကိုရင်မောင်သည် သူကြီးမျက်နှာကို မဝံ့မရဲ ကြည့်လိုက်မိ၏။

သူတို့ သားအဖနှစ်ယောက်စလုံး ဂါတ်တဲတွင် အချုပ်ခံရမည့် အရေးထက် ဒေါ်တင်ရီ၏ ကျန်းမာရေး၊ စိုးရိမ်နေမိ၏။ သူကြီးက ကိုရင်မောငတို့သားအဖကို မကျေမချမ်းကြည့်၍ မျက်နှာရှုံ့မဲ့သွားပြီး

“ဒီကောင်တွေအတွက် ကျုပ်အာမ မခံပေးနိုင်ဘူး၊ ရင်မောင်ဟာ တံငါသည်သာဖြစ်တယ်၊ အတော်ခေါင်းမာတဲ့အကောင်၊ ကျုပ်ကို လည်း အမြဲတမ်း ကလန်ကဆန်လုပ်တယ်၊ သူကိုယ်တိုင် ကလန်ကဆန် လုပ်ရုံတင်မကဘူး၊ ရွာသားတွေကိုလည်း မြှောက်ပင့်ပေးသေးတယ်၊ တစ်ခါတုန်းက သူမြှောက်ပင့်ပေးလို့ ရွာသားတော်တော်များ အင်း လေလံပွဲမှာ ကျုပ်ကို မကျေမချမ်းဖြစ်ခဲ့တယ်”

ဟု ပြောလေ၏။ ထိုစဉ်က အင်းလေလံပွဲတွင် သူကြီးမျက်နှာလိုက်ပြီး ရွာသူရွာသားများ၏ မြေယာပိုင်ဆိုမှုကို လက်မှန်ရေးထိုးခဲ့သဖြင့် တစ်ရွာလုံး ဆူဆူညံညံ ဖြစ်ခဲ့ဖူး၏။

ကိုရင်မောင်သည် မိမိဘက်က အမှန်ဖြစ်နေ၍ သူကြီးကို ဘယ်တော့မှ ဦးမညွတ်ဟု ဆုံးဖြတ်ထားသော်လည်း မယားဖြစ်သူဒေါ်တင်ရီ၏ ကျန်းမာရေးက ရှိသေးသဖြင့်

“ဒီတစ်ခါတော့ အာမခံပေးပါ သူကြီးရယ်…ဒီအမှုမှာ ကျုပ်တို့ သားအဖနှစ်ယောက်စလုံး ပါဝင်နေလို့ပါ၊ ကျုပ်တို့မရှိရင် အိမ်မှာ ကျုပ် မိန်းမ တစ်ယောက်တည်း ဒုက္ခရောက်မှာမို့ပါ၊ အခုလည်း ဒီနေ့ မတင်လှ အမောဖောက်နေလို့ ဆေးတစ်ဖုံဖော်ချင်လွန်းလို့ အရဲစွန့်ပြီး ကွင်းထဲ ဆင်းတာပါ”

ဟု တောင်းပန်လေ၏။ သို့သော် သူကြီးက ကိုရင်မောင်ကို အခဲမကြေဟန်မရှိဘဲ ခေါင်းခါယမ်း၍

“အာမခံမပေးနိုင်ဘူးကွ၊ မင်းဟာ ငါ့ကို အမြဲဆန့်ကျင်နေတဲ့ကောင်၊ ဒီလိုလူမျိုးကို ငါ အာမခံပေးလို့ တရားခွင်ကို မင်းတို့ရောက်မလာရင် ဒုက္ခရောက်မယ်”

ဟု ပြောလေ၏။ ဝေဆာကမူ စိတ်ဓာတ်ညံ့ဖျင်းသော သူကြီးကို တောင်းပန်လိုစိတ်မရှိ သော်လည်း အမောဖောက်နေမည့် မိခင်ကို

မည်သူကြည့်မည်နည်းဟု တွေးကာ စိုးရိမ်သောက ဖြစ်နေလေ၏။

ကိုရင်မောင်က ခြေသလုံးဖက်မတတ် တောင်းပန်သော်လည်း သူကြီးမင်းကမူ အာမခံချက်ပေးရန် ငြင်းဆန်လို့သာနေလေ၏။

ကိုရင်မောင်တို့အဖြစ်ကို လာရောက်ကြည့်ရှုကြသော ရွာသူရွာသားအများစုက သူကြီးမင်း ကို မကျေနပ်ကြချေ၊ သို့သော် တယူသန်တဇွတ်ထိုးဆန်သော လူကြီးကို မည်သူမျှ ရှေ့နေမလိုက်ဝံ့ကြချေ။

အင်စပက်တော်က တံငါသည် သားအဖကိုကြည့်၍ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး

"မင်းတို့ သားအဖကို သူကြီးမင်းကတောင် အာမခံချက်မပေးဝံ့ဘူးဆိုရင် အတော်ဆိုးမိုက်ပုံ ရတယ်၊ အာမခံပေးမဲ့သူမရှိရင်တော့ မင်းတို့သားအဖကို မြို့က ဂါတ်မှာ ဖမ်းချုပ်ရမှပဲ၊ ရုံးတော်မှ သက်သေတွေနဲ့ စွဲချက်တင်တဲ့နေ့ရောက်မှ ဒဏ်ငွေဆောင်နိုင်ရင် အချုပ်ကလွတ်မယ်၊ ဒဏ်ငွေ မဆောင်နိုင်ရင်တော့ ထောင်ချမှာပဲ"

ဟု ပြောလိုက်ရာ ကိုရင်မောင်သည်။ မယားအတွက် စိုးရိမ်စိတ်ကြောင့် ခေါင်းငိုက်စိုက် ကျသွားလေ၏။

ဝေတာကမူ အံကိုတင်းတင်းကြိတ်၍ သူကြီးမျက်နှာကို ကြည့်ကာ

"ဒီမှာသူကြီး...ကျုပ်တို့သားအဖဟာ လူဆိုးခါးပြတွေမဟုတ်ဘူး၊ ရွာမှာ မကောင်းတာ ဘာမှမလုပ်ဘူးဆိုတာ တစ်ရွာလုံးသိတယ်၊ သူကြီး ကျုပ်တို့ကို ဘယ်လိုသဘောနဲ့ အာမခံချက် မပေး ဘူးဆိုတာလည်း ကျုပ်တို့သိတယ်၊ သူကြီး မိုးကောင်းတဲ့အချိန်မှာ ရွာထားဦးပေ့ါ၊ လောကမှာ တစ်ချိန်လုံးတော့ မိုးမကောင်းနိုင်ပါဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ သူကြီးကဝေဆာကိုကြည့်၍

တဟားဟား ရယ်မောလိုက်ပြီး

“ဟား…ဟား…ဟား…ဝေဆာ ဝေဆာ၊ အကောင်ငယ်သလောက် အဆိပ်ကလေးနဲ့ပါလား၊ မိုးကောင်းတာ မကောင်းတာထက် မင်းတို့ သားအဖနှစ်ယောက် မြို့ကအချုပ်မှာ ဘယ်လိုဆင်းရဲ ဒုက္ခခံရမယ်ဆိုတာ ကြိုတင်စဉ်းစားကြ”

ဟု လှောင်ပြောင်သရော်လိုက်လေ၏။ အင်စပက်တော်သည် တံငါသည်သားအဖအား ကြိုးတုတ်၍ လှည်းပေါ်သို့ တင်ရန် ပြင်လေ၏။

ထိုအခိုက်မှာပင် စိတ်ကောင်းရှိသော ဘဂတူတံငါသည် ဦးအုန်းတောက

“မလှတင်အတွက် နောက်ဆံတင်းမနေပါနဲ့ကွာ၊ သူ့ကျန်းမာလေးအတွက် ငါတို့ ဝိုင်းဝန်းပြီး ကြည့်ရှုပေးပါ့မယ်”

ဟု ပြောလေ၏။

စိတ်ကောင်းရှိသော ရွာသားအချို့ကလည်း ကိုရင်မောင်ကို လာရောက်၍ အားပေးစကား ပြောလေ၏။ ဝေဆာကိုလည်း မြို့သို့ စိတ်ချလက်ချ လိုက်ပါသွားရန် ပြောဆိုကြ၏။

ကိုရင်မောင်သည် ရွာသူရွာသားများ ဝိုင်းဝန်း၍ မလှတင်ကို စောင့်ရှောက်မည်ဆို၍ အတော်အတန် စိတ်အေးသွားလေ၏။

ထို့ကြောင့် တံငါသည်ကြီး ဦးအုန်းတောကို သူ၏ မယားနှင့် ပတ်သက်၍ တတွတ်တွတ် မှာကြားနေရှာ၏။

ထို့နောက်တွင်မူ အင်စပက်တော်သည် တံငါသည်သားအဖအား မြို့ပေါ်ရှိ အချုပ်ခန်းသို့ သွင်းထားလိုက်၏။

တံငါသည် သားအဖ အချုပ်သို့ ရောက်သောအခါ၌ လည်း ကိုလိုနီခေတ်ပုလိပ်များ၏ ထုံစံအတိုင်း ဆင်းရဲသားနင်းပြားများကို

ဖိနှိပ်ချုပ်ချယ်လေ၏။

အချုပ်ခန်းအတွင်းရှိ ဟိုမရောက်သည်မရောက် လူမိုက်များကလည်း တံငါသည်သားအဖ ကို မိုက်ကြေးခွဲချင်၏။ ဝေဆာသည် သူတို့သားအဖကို အဖက်ဖက်က ဖိနှိပ်ခံရသောအခါ လူ့လောကကြီးကို နာကြည်းချင်သလို ဖြစ်သွား၏ ။

ဆင်းရဲသားနင်းပြားများ၏ ဘဝသည် မည်သည့်နေရာတွင် မျှ မျက်နှာသာမရပါလား၊ ကိုရင်မောင်သည် ဝေဆာ၏ ပခုံးကိုဖက်၍ စိတ်အားငယ်ဟန်ဖြင့်

"အဖေတို့သားအဖအတွက် အနည်းဆုံး ဒဏ်ငွေ (၃၀)ကျပ်လောက် ဆောင်ရမှာပဲကွ၊ ဒဏ်ငွေမဆောင်နိုင်ရင်တော့ အဖေတို့ထောင်ကျလိမ့်မယ်၊ မင်းအမေကလည်း ရောဂါသည်း နေတော့ အဖေတို့အတွက် ဒဏ်ငွေကို သူ ဘယ်လိုမှ ရှာနိုင်ဖွေနိုင်မှာ မဟုတ်ဘူး၊ ခက်တော့ တာပဲကွာ"

ဟု ညည်းညူလေ၏။ ဝေဆာသည် ဒဏ်ငွေအကြောင်းကို တွေးတောထားပြီး ဖြစ်သဖြင့်

"အဖေရယ်...ကျုပ်တို့နှစ်ယောက်ဟာ ယောကျ်ားတွေပါ ဒေါင်ကျကျ ပြားကျကျ နေနိုင်ပါတယ်၊ ထောင်ကျမှာလည်း မပူပါဘူး ကျုပ်တို့စိုးရိမ်တာ နေမကောင်းဖြစ်နေတဲ့ အမေ့အတွက်ပဲ၊ တစ်ခုတော့ ဖြေသာပါယတ်၊ ရွာသားတွေက ဝိုင်းဝန်းစောင့်ရှောက်မယ်ဆိုရင် တော့ အမေ့အတွက်အဆင်ပြေပါလိမ့်မယ်"

ဟု ပြောလေ၏။

သို့သော် ကိုရင်မောင်မှာမူ စိတ်မအေးနိုင်ဘဲ စိတ်မချမ်းမြေ့စရာ များကိုပင် တစ်ခုပြီး တစ်ခု ဆက်တိုက်တွေးတောနေလေ၏။

သူတို့ နှစ်ယောက် ထောင်မကျဘဲ လွတ်မြောက်လာသည့်တိုင်

ပိုက်စုတ်ကလေးကို အသိမ်းခံရသဖြင့် မည်သို့ ဆက်၍ ငါးဖမ်းရမည်နည်း။

ထို့အပြင် သူတို့နှစ်ယောက်အတွက် ဒဏ်ငွေကို ပေးဆောင်စရာ ငွေမရှိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် ထောင်ထဲတွင် ဆင်းရဲဒုက္ခခံရပေဦးမည်။

ကိုရင်မောင်သည် စိတ်ထိခိုက်စရာများကို တွေးတောရင်းပိုမို၍ စိတ်အားငယ်လာ၏။ ဝေဆာကမူ ဖြစ်ချင်ရာဖြစ်ဟု သဘောထားက မည်သည့်အရာကိုမျှ တွေတောခြင်းမရှိပေ။

ဤသို့ဖြင့် တံငါသည်သားအဖသည် အချုပ်ထဲတွင် ဆင်းရဲပင်ပန်းစွာ နေထိုင်ရပြီးနောက် တစ်ပတ်ပြည့်သောနေ့တွင် ရုံးတက်တရားစွဲဆိုခြင်းကို ခံရ၏။

ထိုအချိန်ထိ ၎င်းတို့နှစ်ယောက်အတွက် ဒဏငွေဆောင်စရာ ငွေကြေးမရှိသဖြင့် ထောင်ကျရန်သာရှိ၏။

သို့သော် ဒဏ်ငွေဆောင်ကာနီးတွင် ဦးအုန်းတော ခေါင်းဆောင်သော ရွာသားများရောက်ရှိ လာပြီး ၎င်းတို့အတွက် ကျသင့်သော ငွေကျပ် ၃ဂ ကို ပေးဆောင်လေ၏။

သူတို့နှစ်ယောက်အတွက် ပေးဆောင်ရမည့်ဒဏ်ငွေကို ရွာသူရွာသားများ စုပေါင်းပြီး ပေးဆောင်ကြပုံရ၏။ ကိုရင်မောင်က ဒဏ်ငွေဆောင်ပြီး အချုပ်မှလွတ်သည်နှင့်

“ကျုပ်မိန်းမ နေကောင်းရဲ့လားဗျာ၊ ကျုပ်တို့အတွက် သူစိုးရိမ်နေမှာပဲ”

ဟု အလောတကြီး မေးမြန်းလေ၏။ ဝေဆာကလည်း ဖခင်နည်းတူ စိုးရိမ်ဟန်ဖြင့် မေးမြန်း၏။

သူတို့၏ အမေးကြောင့် ဦးအုန်းတောအပါအဝင် ရွာသူရွာသားများ မျက်နှာပျက်သွားကြ၏။ ခဏကြာမှ ဦးအုန်းတောကသက်ပြင်းချ၍

“မင်းတို့ မိသားစုအတွက် ငါ စိတ်မကောင်းပါဘူးကွာ၊ တရားနဲ့သာ

ဖြေပေတော့၊ မတင်လှဟာ မင်းတို့အဖမ်းခံရကြောင်း သိပြီးတဲ့နောက် ရောဂါပိုသည်းလာပြီး ဆုံးသွားရှာတယ်၊ မတင်လှ ဒီနေ့ပဲ ရက်လည်တယ်”

ဟု ပြောလေ၏။ ဦးအုန်းတော၏ စကားဆုံးသည်နှင့် ကိုရင်မောင်သည်

“ဖြစ်မှဖြစ်ရလေ မတင်လှရဲ့”

ဟု မချိတင်ကဲဟန်ဖြင့် ရေရွတ်ကာ ယောက်ျားတန်မဲ့ ငိုကြွေးလေ၏။ ဝေဆာကမူ မေးရိုးကြီးများထောင်လာအောင် အံကိုကြိတ်ကာ မိခင်အတွက် ရတက်မီးတောက်လောင်၏။

သားအဖနှစ်ယောက်စလုံးကို ရွာသားများက ဝိုင်းဝန်းဖေးမ၍ ရွာသို့ ပြန်ခေါ်လာကြ၏။ ၎င်းတို့မိသားစု၏ အဖြစ်ဆိုးကို သူကြီးကလွှဲ၍ တစ်ရွာလုံး သနားကရုဏာသက်ကြ၏။

တစ်ရွာလုံးကို ခေါင်းပုံဖြတ်လေ့ရှိသော ငါးစိမ်းသည် ဒေါ်ပြားကြီးပင် စိတ်ကောင်းဝင်၍

“နင်တို့သားအဖ လုပ်စားစရာ ပိုက်မရှိရင် ငါ့ဆီက ပိုက်တစ်ထည်ယူပြီး လုပ်စားကြ၊ ပိုက်ဖိုးကို တဖြည်းဖြည်း ငါ့ကို ပြန်ဆပ်”

ဟု ဆိုကာ ပိုက်စုတ်တစ်ထည်ကို ပေးလေ၏။

သားအဖနှစ်ယောက်စလုံး ပိုက်တစ်ထည်ရရှိသော်လည်း ဂမ်းမြောက်ဂမ်းသာခြင်း မရှိလှချေ၊ ကိုရင်မောင်သည် မတင်လှ သေဆုံးသည့်အချိန်မှစ၍ အလုပ်ကို မယ်မယ်ရရ လုပ်ကိုင်ခြင်း မရှိ။

ဘဂတူတံငါသည်များက စိတ်ပြေလက်ပျောက် အင်းထဲသို့ ခေါ်ဆောင်သွားသော်လည်း တံငါသည်များနှင့် ဝိုင်းဝန်းကူညီခြင်းမရှိပေ။

ကိုရင်မောင်သည် တစ်ကိုယ်တည်း ငူငူငိုင်ငိုင်ကြီးထိုင်နေပြီး အစားအသောက်ကိုလည်း အချိန်မှန်မှန် စားသောက်ခြင်း မရှိချေ။

××××××××××